# ၂၀၁၉ - ၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ်

# အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ

နေရာ၊ နေပြည်တော်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
# အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်
# အစီရင်ခံစာ

# ဥယျောဇဉ်

၁။ မြန်မာနိုင်ငံ၏ ကြွေးမြီစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းစေရန်နှင့် နိုင်ငံတကာအဆင့်မီ ခိုင်မာသော ဥပဒေမူဘောင်တစ်ရပ်ရရှိစေရန် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂ ဖြင့် ၅-၁-၂၀၁၆ ရက်နေ့တွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေ၏ ပုဒ်မ ၃၇နှင့်အညီ အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာကို ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ရာ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၄)ကြိမ် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာအား www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ ချေးငွေများရယူရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိ ထိရောက်စေမည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် အစိုးရ၏ဘဏ္ဍာငွေလိုအပ်ချက်နှင့် ပေးရန်တာဝန်များကို ကာလလတ်မှ ကာလရှည်တစ်လျှောက် ဆုံးရှုံးနိုင်ခြေအနည်းဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးဖြစ်စေရန် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

၃။ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အစိုးရ၏ ကြွေးမြီအခြေအနေအား အများပြည်သူ သိရှိလေ့လာနိုင်ရန် အလို့ငှာ **"အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ"** အား နှစ်စဉ်ရေးဆွဲထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(ဝင်းရှိန်)
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ – ၂ |
| ၂။ | အစိုးရကြွေးမြီအခြေအနေ | ၂ – ၃ |
| ၃။ | ပြည်ပကြွေးမြီအခြေအနေ | ၃ – ၂၂ |
| | - ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ | ၃ – ၅ |
| | - မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ | ၆ – ၇ |
| | - ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ | ၇ – ၈ |
| | - ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှု အခြေအနေ | ၈ – ၁၆ |
| | *(က) မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်ချေးငွေစာချုပ်ချုပ်ဆိုမှု* | *၈ – ၁၀* |
| | *(ခ) ဝန်ကြီးဌာန/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု* | ၁၁ – ၁၆ |
| | - ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍအလိုက် ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုမှုအခြေအနေ | ၁၆ |
| | - ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ | ၁၆ – ၁၉ |
| | - ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီ အခြေအနေ | ၁၉ – ၂၁ |
| | - ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် | ၂၁ – ၂၂ |
| ၄။ | ပြည်တွင်းကြွေးမြီအခြေအနေ | ၂၂ – ၂၇ |
| | – ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်တွင်းကြွေးမြီအခြေအနေ | ၂၂ |
| | – အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်း ကြွေးမြီအခြေအနေ | ၂၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပြည်တွင်းကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များ | ၂၃ - ၂၄ |
| | - ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေဖြည့်ဆည်းမှု | ၂၄ - ၂၅ |
| | - ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့်အတိုးစရိတ် | ၂၅ - ၂၇ |
| | - ဘဏ္ဍာရေးနှစ်အလိုက် ပြည်တွင်းကြွေးမြီအခြေအနေ | ၂၇ |
| ၅။ | အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း | ၂၈ |
| ၆။ | အစိုးရ၏အာမခံချက် | ၂၈ |
| ၇။ | သုံးသပ်ချက် | ၂၉ |
| ၈။ | နိဂုံး | ၃၀ |

# ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်
# အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၇ နှင့်အညီ အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာကို နှစ်စဉ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး နှစ်စဉ် ထုတ်ပြန်ရမည်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်တင်ပြလျက်ရှိရာ (၄) ကြိမ် ထုတ်ပြန်ပြီးဖြစ်ပါသည်။ ယခုအခါ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် (၅) ကြိမ်မြောက် အစီရင်ခံစာကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းမှုလိုအပ်ချက်များနှင့် ၎င်းတို့၏ ကာလတို၊ ကာလရှည်ပေးရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေအနည်းဆုံးနှင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်မှ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ထားရှိပြီး ၎င်း၏အဓိကရည်ရွယ်ချက်များမှာ-

(က) ကြွေးမြီခံနိုင်ရည်ရှိမှုအဆင့်ကို ထိန်းသိမ်းထားရှိရန်၊

(ခ) ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာတွင်ရှိနေစေရန်အတွက် ပြည်သူ့ကြွေးမြီ အနေအထားကို အကဲဖြတ်ရန်၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ နှင့်စပ်လျဉ်းသည့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါသည်။

၃။ ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာအရ ပြည်တွင်း၊ ပြည်ပမှချေးငွေများရယူရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည့်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး၊ ကုန်ကျစရိတ်နှင့် ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ဤအစီရင်ခံစာတွင် အောက်ပါအပိုင်း (၄) ပိုင်း ပါဝင်ပါသည်–

အပိုင်း (က) အစိုးရကြွေးမြီအခြေအနေ

အပိုင်း (ခ) ပြည်ပကြွေးမြီအခြေအနေ

အပိုင်း (ဂ) ပြည်တွင်းကြွေးမြီအခြေအနေ

အပိုင်း (ဃ) အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

## အပိုင်း (က)

## အစိုးရကြွေးမြီအခြေအနေ


### အစိုးရကြွေးမြီအခြေအနေ


၅။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ အစိုးရကြွေးမြီလက်ကျန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ပြည်ပကြွေးမြီ – ကျပ် ၁၇,၀၄၀ ဘီလီယံ (ဂျီဒီပီ၏ ၁၅.၁၁%)

(ခ) ပြည်တွင်းကြွေးမြီ – ကျပ် ၃၀,၅၉၈ ဘီလီယံ (ဂျီဒီပီ၏ ၂၇.၁၃%)

(ဂ) အစိုးရကြွေးမြီ – ကျပ် ၄၇,၆၃၈ ဘီလီယံ (ဂျီဒီပီ၏ ၄၂.၂၄%)




၆။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်း (၂၃) ခုအတွက် ချေးငွေစာချုပ်များ ချုပ်ဆိုခဲ့ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေစီမံကိန်း (၁၀) ခု၊ နှစ်နိုင်ငံအစိုးရကြားချေးငွေစီမံကိန်း (၁၃) ခုတို့ကို ရယူခဲ့ပြီး သက်သာသောချေးငွေများ ဖြစ်ပါသည်။

၇။ ပြည်ထောင်စုအစိုးရအသုံးစာရင်း၏ လိုငွေအား ပြည်တွင်းမှချေးယူခြင်းဖြင့် ဖြည့်ဆည်းခဲ့ရာ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းချေးငွေဖြင့် အသားတင်ဖြည့်ဆည်းသည့် ပမာဏမှာ ကျပ် ၅,၃၅၄.၁ ဘီလီယံရှိပါသည်။ ၎င်းအနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းမှာ ကျပ် ၇၃၅.၀၂၆ ဘီလီယံဖြစ်သဖြင့် စုစုပေါင်း အသားတင်ဖြည့်ဆည်းမှု၏ ၁၄% ခန့်ရှိပါသည်။

## အပိုင်း (ခ)

## ပြည်ပကြွေးမြီအခြေအနေ

### ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ


၈။ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ပြည်ပကြွေးမြီအား ကာလအပိုင်းအခြားအလိုက် လေ့လာပါက အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)


| စဉ် | အကြောင်းအရာ | စာချုပ်တန်ဖိုး | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | ၁၉၈၈ ခုနှစ်မတိုင်မီကာလ | ၅,၆၄၀.၃၂၆ | ၅,၄၃၀.၂၇၂ | ၁,၁၃၂.၈၄၆ | ၄,၂၉၇.၄၂၆ |
| ၂ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ ကာလ | ၃,၈၅၁.၉၄၁ | ၃,၅၃၈.၂၅၆ | ၁,၅၁၅.၃၇၃ | ၂,၀၂၂.၈၈၃ |
| ၃ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ကာလ | ၆,၆၅၅.၀၀၇ | ၄,၄၁၂.၃၂၉ | ၆၂၇.၉၉၅ | ၃,၇၈၄.၃၃၄ |
| ၄ | ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ အထိ ကာလ | ၈,၄၂၉.၃၆၂ | ၁,၂၅၅.၃၂၈ | - | ၁,၂၅၅.၃၂၈ |
| | စုစုပေါင်း | **၂၄,၅၇၆.၆၃၆** | **၁၄,၆၃၆.၁၈၅** | **၃,၂၇၆.၂၁၄** | **၁၁,၃၅၉.၉၇၁** |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။


၉။ **နိုင်ငံ/ အဖွဲ့အစည်းအလိုက်** အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-





၁၉၈၈ ခုနှစ် မတိုင်မီကရယူခဲ့သော ပြည်ပချေးငွေများ အပေါ် ပေးဆပ်ရန်ကျန်ငွေတွင် ဂျပန်နိုင်ငံ၊ JICA ချေးငွေမှာ အများဆုံးဖြစ်ပြီး ဂျာမနီနိုင်ငံက ဒုတိယအများဆုံးနှင့် ကမ္ဘာ့ဘဏ် (အိုင်ဒီအေ) က တတိယအများဆုံး ဖြစ်ပါသည်။ အတိုးနှုန်း အနေဖြင့် ၀.၀၁% မှ ၃% ထိရှိပြီး ချေးငွေသက်တမ်းမှာ ၁၅ နှစ် မှ ၄၀ နှစ်ထိ ရှိပါသည်။ အများစုမှာ သက်သာမှုရှိသည့် ချေးငွေများ ဖြစ်ပါသည်။




၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Exim Bank of China နှင့် China Development Bank တို့မှ ချေးငွေအများဆုံးရယူခဲ့ပါသည်။ ၎င်းကာလအတွင်း ရယူခဲ့သော ချေးငွေများအနက် ၉၂% ခန့်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပေးဆပ်ရမည်ဖြစ်သော်လည်း ယခင်ဘဏ္ဍာနှစ်များနှင့် နှိုင်းယှဉ်ကြည့်ပါက တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်ပါသည်။





၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ကာလအတွင်း ရယူခဲ့သည့် ပြည်ပချေးငွေများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဆာဗီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ အရင်းပြန်လည်ပေးဆပ်လျက်ရှိပါသည်။




၂၀၁၆-၂၀၁၇မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ကာလအတွင်း ရယူခဲ့သည့်ချေးငွေဖြင့် အကောင်အထည်ဖော်နေသည့် စီမံကိန်းများသည် ချေးငွေထုတ်ယူသုံးစွဲဆဲဖြစ်ပြီး အရင်းပေးဆပ်ရခြင်း မရှိသေးပါ။ အဆိုပါ ကာလတွင် ဂျပန်နိုင်ငံ၊ JICA ချေးငွေကို အများဆုံးရယူခဲ့ပါသည်။


၁၀။ **ဝန်ကြီးဌာနအလိုက်** ရယူခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁၉၈၈ ခုနှစ်မတိုင်မီက ရယူခဲ့သည့်ပြည်ပချေးငွေများ၏ ပေးဆပ်ရန်ကျန်ရှိမှုအခြေအနေ




၁၉၈၈ ခုနှစ် မတိုင်မီကာလတွင် ရယူခဲ့သော ပြည်ပချေးငွေများ၏ ဝန်ကြီးဌာနအလိုက် ပေးဆပ်ရန် ကျန်ရှိသည့် အခြေအနေကို ကြည့်ပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အများဆုံး ဖြစ်သော်လည်း နိုင်ငံတော်ကိုယ်စား တာဝန်ယူ၍ ပေးဆပ်ရသည့် ချေးငွေများဖြစ်ပြီး ဝန်ကြီးဌာနက ပေးဆပ်ရမည့်ငွေ၏ ၉၉% ခန့် ဖြစ်ပါသည်။ ဒုတိယအများဆုံးမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကတတိယအများဆုံးဖြစ်ပါသည်။

၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာနှစ်အထိ ရယူခဲ့သည့် ပြည်ပချေးငွေများ၏ ပေးဆပ်ရန်ကျန်ရှိမှုအခြေအနေ




၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ခု၊ ဘဏ္ဍာရေးနှစ်ကာလအတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ချေးငွေအများဆုံးရယူခဲ့ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဒုတိယအများဆုံးဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အထိ ရယူခဲ့သည့် ပြည်ပချေးငွေများ၏ ပေးဆပ်ရန်ကျန်ရှိမှုအခြေအနေ



၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချေးငွေအများဆုံးရယူခဲ့ပါသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒုတိယအများဆုံးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တတိယအများဆုံးဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အထိ ရယူခဲ့သည့် ပြည်ပချေးငွေများ၏ ပေးဆပ်ရန်ကျန်ရှိမှုအခြေအနေ



၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကာလအတွင်း ရယူခဲ့သည့် ချေးငွေများအနက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အများဆုံးဖြစ်ပြီး ၎င်းချေးငွေများတွင် နိုင်ငံတော်ကိုယ်စား တာဝန်ယူဆောင်ရွက်ရသည့် ကိစ္စရပ်များဖြစ်ပါသည်။

# မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီများ

၁၁။ **၃၀-၉-၂၀၂၀ ရက်နေ့ရှိ နိုင်ငံ/အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|---|---|---|
| | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | **၆,၈၉၁.၇၅၄** | **၃,၅၅၄.၀၉၂** | **၈၁၂.၅၀၄** | **၂,၇၄၁.၅၈၈** |
| ၁ | အေဒီဘီ | ၂,၃၈၂.၂၂၈ | ၈၅၈.၄၀၉ | ၂၂၇.၁၉၆ | ၆၃၁.၂၁၃ |
| ၂ | အေအိုင်အက်ဖ် | ၂၀.၀၀၀ | ၈.၃၇၅ | - | ၈.၃၇၅ |
| ၃ | အိုင်ဒီအေ | ၄,၀၁၉.၆၈၁ | ၂,၂၇၉.၄၁၃ | ၅၆၉.၂၈၅ | ၁,၇၁၀.၁၂၈ |
| ၄ | အိုင်အက်ဖ်အေဒီ | ၈၂.၉၅၂ | ၂၁.၀၀၂ | - | ၂၁.၀၀၂ |
| ၅ | အိုပက် | ၂၃.၁၇၇ | ၂၃.၁၇၇ | ၁၆.၀၂၃ | ၇.၁၅၄ |
| ၆ | အိုင်အမ်အက်ဖ် | ၃၆၃.၇၁၆ | ၃၆၃.၇၁၆ | - | ၃၆၃.၇၁၆ |
| | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | **၁၇,၆၈၄.၈၈၂** | **၁၁,၀၈၂.၀၉၃** | **၂,၄၆၃.၇၁၀** | **၈,၆၁၈.၃၈၃** |
| | ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ | ၁၁,၅၈၃.၁၅၉ | ၅,၆၉၈.၉၅၇ | ၄၂၉.၉၇၃ | ၅,၂၆၈.၉၈၄ |
| ၇ | ဂျပန် | ၈,၇၅၀.၅၅၄ | ၃,၆၈၇.၄၃၉ | ၀.၉၄၅ | ၃,၆၈၆.၄၉၄ |
| ၈ | ဩစတြီးယား | ၁၃၆.၆၃၈ | ၁၃၆.၆၃၈ | ၈.၂၂၈ | ၁၂၈.၄၁၀ |
| ၉ | ဖင်လန် | ၂.၉၂၁ | ၂.၉၂၁ | ၀.၁၈၃ | ၂.၇၃၈ |
| ၁၀ | ပြင်သစ် | ၅၄၆.၃၇၀ | ၅၄၆.၃၇၀ | ၇၂.၅၆၈ | ၄၇၃.၈၀၂ |
| ၁၁ | ဂျာမနီ | ၉၈၀.၂၇၆ | ၉၄၆.၈၀၉ | ၂၅၁.၆၉၁ | ၆၉၅.၁၁၈ |
| ၁၂ | အီတလီ | ၅၈.၅၄၀ | ၂၄.၃၅၃ | - | ၂၄.၃၅၃ |
| ၁၃ | နယ်သာလန် | ၉.၀၄၃ | ၉.၀၄၃ | ၀.၅၆၅ | ၈.၄၇၈ |
| ၁၄ | အင်္ဂလန် | ၃၄.၉၃၉ | ၃၄.၉၃၉ | ၂.၁၈၄ | ၃၂.၇၅၅ |
| ၁၅ | အေအက်ဖ်ဒီ | ၁၄၃.၆၅၇ | ၁.၂၁၈ | - | ၁.၂၁၈ |
| ၁၆ | ကိုရီးယား | ၉၂၀.၂၂၁ | ၃၀၉.၂၂၇ | ၉၃.၆၀၉ | ၂၁၅.၆၁၈ |
| | ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ | ၆,၁၀၁.၇၂၃ | ၅,၃၈၃.၁၃၆ | ၂,၀၃၃.၇၃၇ | ၃,၃၄၉.၃၉၉ |
| ၁၇ | တရုတ် | ၅,၃၄၃.၆၁၀ | ၄,၉၂၀.၂၃၂ | ၁,၈၅၉.၂၀၂ | ၃,၀၆၁.၀၃၀ |
| ၁၈ | အိန္ဒိယ | ၅၃၁.၈၉၈ | ၃၀၇.၃၀၆ | ၁၀၇.၀၇၁ | ၂၀၀.၂၃၅ |
| ၁၉ | ဆော်ဒီ | ၂.၅၃၀ | ၂.၅၃၀ | ၁.၈၀၀ | ၀.၇၃၀ |
| ၂၀ | ထိုင်း | ၉၈.၅၂၃ | ၂၇.၉၀၆ | ၁၅.၆၉၇ | ၁၂.၂၀၉ |
| ၂၁ | ဆာဗီးယား | ၆၆.၆၂၂ | ၆၆.၆၂၂ | ၄၉.၉၆၇ | ၁၆.၆၅၅ |
| ၂၂ | ပိုလန် | ၅၈.၅၄၀ | ၅၈.၅၄၀ | - | ၅၈.၅၄၀ |
| | **စုစုပေါင်း** | **၂၄,၅၇၆.၆၃၆** | **၁၄,၆၃၆.၁၈၅** | **၃,၂၇၆.၂၁၄** | **၁၁,၃၅၉.၉၇၁** |

မှတ်ချက်။ https://www.imf.org/ မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

၁၂။ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုတွင် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၈,၇၅၀.၅၅၄ သန်းဖြင့် JICA ချေးငွေက အများဆုံးဖြစ်သော်လည်း ထုတ်ယူသုံးစွဲမှုတွင် အမေရိကန်ဒေါ်လာ ၄,၉၂၀.၂၃၂ သန်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ EXIM Bank of China နှင့် China Development Bank ချေးငွေမှာ အများဆုံးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ပြည်ပကြွေးမြီများရှင်းလင်းမှုပြီးစီးပြီးနောက် JICA ချေးငွေအသစ်များစတင်ရရှိခဲ့ပြီး လက်ရှိတွင် ထုတ်ယူသုံးစွဲဆဲဖြစ်ပါသည်။ JICA ချေးငွေ၏ ဆိုင်းငံ့ကာလမှာ ၁၀နှစ် ဖြစ်သဖြင့် ချေးငွေအရင်းကို ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ပေးဆပ်ရမည်ဖြစ်ရာ ၃၀-၉-၂၀၂၀ ရက်နေ့အထိ အခြေအနေအရ ပေးဆပ်ရန်ကျန်ပမာဏ အမေရိကန်ဒေါ်လာ ၃,၆၈၆.၄၉၄ သန်းဖြင့် JICA ချေးငွေက အများဆုံးဖြစ်ပါသည်။ သို့သော်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေများထပ်မံရယူခြင်းမရှိသဖြင့် ချေးငွေလက်ကျန်ပမာဏမှာ တဖြည်းဖြည်းလျော့နည်းလာပါသည်။

## ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ

၁၃။ **၃၀-၉-၂၀၂၀ ရက်နေ့ရှိ ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန် ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၉၄.၆၉၃ | ၉၄.၆၉၃ | - | ၉၄.၆၉၃ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၂၆၉.၈၅၈ | ၂၆၈.၆၀၇ | ၁၁၂.၉၅၄ | ၁၅၅.၆၅၃ |
| ၃ | ပြန်ကြားရေးဝန်ကြီးဌာန | ၁.၇၇၉ | ၁.၇၇၉ | ၀.၁၁၁ | ၁.၆၆၈ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၂,၅၂၄.၂၀၁ | ၁,၃၃၁.၅၃၀ | ၂၉၆.၁၄၆ | ၁,၀၃၅.၃၈၄ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၄,၁၁၂.၇၂၃ | ၂,၂၉၅.၉၂၀ | ၃၂၃.၇၇၄ | ၁,၉၇၂.၁၄၆ |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၈.၈၄၁ | ၂၈.၈၄၁ | ၀.၀၁၅ | ၂၈.၈၂၆ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၇,၁၅၆.၇၂၃ | ၄,၄၇၆.၁၈၅ | ၁,၂၉၇.၀၉၄ | ၃,၁၇၉.၀၉၁ |
| ၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂၇.၈၁၉ | ၂၇.၈၁၉ | ၀.၀၁၄ | ၂၇.၈၀၅ |
| ၉ | ပညာရေးဝန်ကြီးဌာန | ၂၇၃.၃၁၀ | ၉၉.၇၆၆ | - | ၉၉.၇၆၆ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန် ကျန်ငွေ |
|---|---|---|---|---|---|
| ၁၀ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၂၈၄.၆၄၅ | ၈၀.၉၂၀ | - | ၈၀.၉၂၀ |
| ၁၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၆,၃၁၂.၀၉၀ | ၅,၂၉၀.၉၅၃ | ၁,၂၄၆.၁၀၆ | ၄,၀၄၄.၈၄၇ |
| ၁၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂,၀၃၅.၂၆၄ | ၄၇၅.၈၄၁ | - | ၄၇၅.၈၄၁ |
| ၁၃ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန | ၁၀၁.၃၄၅ | ၅.၈၉၅ | - | ၅.၈၉၅ |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၁,၂၂၁.၃၁၇ | ၁၃၅.၈၇၄ | - | ၁၃၅.၈၇၄ |
| ၁၅ | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ | ၁၀၆.၈၃၂ | ၄.၆၂၈ | - | ၄.၆၂၈ |
| ၁၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၅.၁၉၆ | ၁၆.၉၃၄ | - | ၁၆.၉၃၄ |
| | စုစုပေါင်း | ၂၄,၅၇၆.၆၃၆ | ၁၄,၆၃၆.၁၈၅ | ၃,၂၇၆.၂၁၄ | ၁၁,၃၅၉.၉၇၁ |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

၁၄။ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုထားသည့်ပမာဏတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနဖြစ်ပါသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုအခြေအနေ

၁၅။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေရယူရန် စာချုပ်ချုပ်ဆိုမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| ၁။ | အာရှဖွံ့ဖြိုးရေး ဘဏ် | | | | | USD ၄၈၀.၄၀၀ |
| | | တံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်း | ၆-၁၂-၂၀၁၉ | ဆိုင်းငံ့<br>ပြန်ဆပ် | ၈<br>၂၄ | USD ၁၈၅.၀၀၀ |
| | | ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်း | ၆-၁၂-၂၀၁၉ | အတိုးနှုန်း | ၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD ၄၅.၄၀၀ |

(သန်းပေါင်း)

| စဉ် | မြို့နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|---|
| | | COVID-19 ၏ သက်ရောက်မှုများကို တုန့်ပြန်ခြင်း နှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့ အစီအစဉ် | ၄-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၁၆<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၂၅၀.၀၀၀ |
| ၂။ | အေအက်ဖ်ဒီ | | | | | USD | ၄၁.၇၉၈ |
| | | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၅) ရုံ အလုံးစုံပြင်ဆင်မွမ်းမံခြင်း/ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၁၅-၅-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၇<br>၁၃<br>6 months EURIBOR-40 bp | EUR<br>*(Equ:USD)* | ၃၅.၇၀၀<br>*၄၁.၇၉၈* |
| ၃။ | တရုတ် | | | | | USD | ၁၁.၇၅၀ |
| | | အထက်တန်း လူစီးရထားတွဲသစ် (၁၄) တွဲ နှင့် ရိုးရိုးတန်း လူစီးရထားတွဲသစ် (၁၄) တွဲ စုစုပေါင်း (၂၈) တွဲဝယ်ယူရေးစီမံကိန်း | *၁၄-၃-၂၀၁၉<br>၁၈-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၁၀<br>Interest Free | RMB<br>*(Equ:USD)* | ၈၀.၀၀၀<br>*၁၁.၇၅၀* |
| ၄။ | ကမ္ဘာ့ဘဏ် | | | | | USD | ၉၂၂.၁၀၀ |
| | | ကိုယ်ဝန်ဆောင် မိခင်များနှင့် ၄င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း | ၁၅-၁၁-၂၀၁၉ | | | SDR<br>*(Equ:USD)* | ၇၂.၀၀၀<br>*၁၀၁.၃၄၅* |
| | | လူတိုင်းအကျုံးဝင်မှု အရည်အသွေးမီပညာရေးလုပ်ငန်း | ၄-၅-၂၀၂၀ | ဆိုင်းငံ့ | ၅ | SDR<br>*(Equ:USD)* | ၇၂.၄၀၀<br>*၁၀၁.၉၀၈* |
| | | ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ် စီမံချက် | ၅-၆-၂၀၂၀ | ပြန်ဆပ် | ၂၅ | SDR<br>*(Equ:USD)* | ၃၆.၇၀၀<br>*၅၁.၆၅၈* |
| | | ရွှေမဓာတ်အားပေးစက်ရုံတွင် Combined Cycle Gas Turbine အသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများ တပ်ဆင်အင်အား | ၃-၇-၂၀၂၀ | အတိုးနှုန်း | ၂.၀% | SDR<br>*(Equ:USD)* | ၂၅၄.၉၀၀<br>*၃၅၈.၇၉၀* |
| | | အဓိကလိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီရရှိရေးစီမံကိန်း | ၉-၇-၂၀၂၀ | | | SDR<br>*(Equ:USD)* | ၇၃.၃၀၀<br>*၁၀၃.၁၇၅* |
| | | မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး စနစ်ဖွံ့ဖြိုးရေးစီမံကိန်း | ၄-၈-၂၀၂၀ | | | SDR<br>*(Equ:USD)* | ၁၄၅.၈၀၀<br>*၂၀၅.၂၂၄* |
| ၅။ | အိုင်အမ်အက်ဖ် | | | | | USD | ၃၆၃.၇၁၆ |
| | | Rapid Credit Facility (RCF) (IMF) | ၁၂-၆-၂၀၂၀ | ဆိုင်းငံ့(RCF)<br>ပြန်ဆပ်(RCF)<br>အတိုးနှုန်း(RCF) | ၅.၅<br>၄.၅<br>Interest Free | SDR<br>*(Equ:USD)* | ၈၆.၁၃၀<br>*၁၂၁.၂၃၄* |

မှတ်ချက်။ *Exchange of Note လက်မှတ်ရေးထိုးသည့်နေ့ဖြစ်ပါသည်။

(သန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|---|
| | | Rapid Financing Instrument (RFI) (IMF) | ၁၂-၆-၂၀၂၀ | ဆိုင်းငံ့ (RFI)<br>ပြန်ဆပ်(RFI)<br>အတိုးနှုန်း(RFI) | ၃.၂၅<br>၁.၇၅<br>၁% | SDR<br>*(Equ:USD)* | ၁၇၂.၂၇၀<br>*၂၄၂.၄၈၂* |
| ၆။ | ဂျပန် | | | | | **USD** | **၁,၈၇၉.၇၄၃** |
| | | ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း | ၂၁-၁-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၃၈,၆၄၂.၀၀၀<br>*၃၆၅.၂၇၁* |
| | | မြို့ပြရေရိယာခေတ်အားဖြန့်ဖြူးမှုတိုးတက်ကောင်းမွန်ရေးစီမံကိန်း | ၂၁-၁-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၁၂,၂၈၈.၀၀၀<br>*၁၁၆.၁၅၅* |
| | | ရန်ကုန်မြို့ မိလ္လာပြွန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်း | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့ | ၁၀ | JPY<br>*(Equ:USD)* | ၄၅,၉၀၀.၀၀၀<br>*၄၃၃.၈၇၈* |
| | | ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း | ၂၁-၁-၂၀၂၀ | ပြန်ဆပ် | ၃၀ | JPY<br>*(Equ:USD)* | ၂၄,၀၈၅.၀၀၀<br>*၂၂၇.၆၆၈* |
| | | ရန်ကုန်-မန္တလေးအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့်-၁ အပိုင်း(၃) | ၃၁-၃-၂၀၂၀ | အတိုးနှုန်း | ၀.၀၁% | JPY<br>*(Equ:USD)* | ၄၀,၆၀၄.၀၀၀<br>*၃၈၃.၈၁၇* |
| | | သီလဝါအထူးစီးပွားရေးဇုန်အတွင်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Phase – III) | ၃၁-၃-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၇,၃၃၉.၀၀၀<br>*၆၉.၃၇၃* |
| | | Covid-19 Crisis Response Emergency Support Loan | ၁-၉-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၃၀,၀၀၀.၀၀၀<br>*၂၈၃.၅၈၁* |
| ၇။ | ကိုရီးယား | | | | | **USD** | **၂၃၈.၀၃၆** |
| | | ပြည်-ဆားခါး ၁၄ လက်မပိုက်လိုင်း၏ မကွေး-ရွှေတောင်အပိုင်းအဆင့်မြှင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း | ၂၉-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၅<br>၂၅<br>၀.၀၁% | USD | ၁၁၃.၀၃၆ |
| | | မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း | ၂၉-၉-၂၀၂၀ | | | USD | ၁၂၅.၀၀၀ |
| ၈။ | ထိုင်း | | | | | **USD** | **၇၀.၆၁၇** |
| | | မဟာမဲခေါင်ဒေသခွဲအရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်ရှိမြို့များဖွံ့ဖြိုးမှုစီမံကိန်း | ၂၄-၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း<br>စီမံခန့်ခွဲမှုစရိတ် | ၁၀<br>၂၀<br>၁.၅%<br>၀.၁၅% | THB<br>*(Equ:USD)* | ၇၇၇.၇၇၀<br>*၂၄.၅၆၃* |
| | | ရန်ကုန်တိုင်းဒေသကြီးအတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ရေးစီမံကိန်း | ၂၃-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း<br>စီမံခန့်ခွဲမှုစရိတ် | ၁၀<br>၂၀<br>၁.၅%<br>၀.၁၅% | THB<br>*(Equ:USD)* | ၁,၄၅၈.၂၄၈<br>*၄၆.၀၅၄* |
| | | | | စုစုပေါင်း | | **USD** | **၄,၀၀၈.၁၆၀** |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

# (ခ) ဝန်ကြီးဌာန/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| ၁။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | | | **USD** | **၄၄၂.၀၅၃** |
| | <u>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန</u> | | | | <u>USD</u> | <u>၂၃၆.၈၂၉</u> |
| | - တို့ပြန်နိုင်စွမ်းအားကောင်းသောလူထုဖွံ့ဖြိုးရေး စီမံကိန်း(ADB) | ၆-၁၂-၂၀၁၉ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၁၈၅.၀၀၀ |
| | - ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်း စီမံကိန်း (JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၅,၄၈၃.၀၀၀<br>*၅၁.၈၂၉* |
| | <u>စိုက်ပျိုးရေးဦးစီးဌာန</u> | | | | <u>USD</u> | <u>၂၀၅.၂၂၄</u> |
| | - မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (IDA) | ၄-၈-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅<br>၂၅<br>၂.၀% | SDR<br>*(Equ:USD)* | ၁၄၅.၈၀၀<br>*၂၀၅.၂၂၄* |
| ၂။ | **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** | | | | **USD** | **၅၂၀.၅၆၇** |
| | <u>မြန်မာ့မီးရထား</u> | | | | <u>USD</u> | <u>၅၂၀.၅၆၇</u> |
| | - ရန်ကုန်-မန္တလေးအဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်-၁ အပိုင်း(၃) (JICA) | ၃၁-၃-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၄၀,၆၀၄.၀၀၀<br>*၃၈၃.၈၁၇* |
| | - မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းအဆင့် မြှင့်တင်ခြင်းစီမံကိန်း (KOREA) | ၂၉-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၅<br>၂၅<br>၀.၀၁% | USD | ၁၂၅.၀၀၀ |
| | - အထက်တန်း လူစီးရထားတွဲသစ် (၁၄) တွဲနှင့် ရိုးရိုး တန်းလူစီးရထားတွဲသစ် (၁၄) တွဲ စုစုပေါင်း(၂၈) တွဲဝယ်ယူရေးစီမံကိန်း( CHINA) | *၁၄-၃-၂၀၁၉<br>၁၈-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၁၀<br>Interest Free | RMB<br>*(Equ:USD)* | ၈၀.၀၀၀<br>*၁၁.၇၅၀* |
| ၃။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | | | **USD** | **၈၂၉.၀၁၄** |
| | <u>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း</u> | | | | <u>USD</u> | <u>၁၁၀.၇၃၉</u> |
| | - မြို့ပြဓရိယာဓာတ်အားဖြန့်ဖြူးမှုတိုးတက် ကောင်းမွန်ရေးစီမံကိန်း(JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၆,၈၄၃.၀၀၀<br>*၆၄.၆၈၅* |
| | - ရန်ကုန်တိုင်းဒေသကြီးအတွင်းလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုတိုးတက်ရေးစီမံကိန်း(NEDA) | ၂၃-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း<br>စီမံခန့်ခွဲမှုစရိတ် | ၁၀<br>၂၀<br>၁.၅%<br>၀.၁၅% | THB<br>*(Equ:USD)* | ၁,၄၅၈.၂၄၈<br>*၄၆.၀၅၄* |

မှတ်ချက်။ *Exchange of Note လက်မှတ်ရေးထိုးသည့်နေ့ဖြစ်ပါသည်။

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| | <u>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း</u> | | | | <u>USD</u> | <u>၅၁.၄၇၀</u> |
| | - မြို့ပြဇရိယာဓာတ်အားဖြန့်ဖြူးမှုတိုးတက်ကောင်းမွန်ရေးစီမံကိန်း(JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၅,၄၄၅.၀၀၀<br>*၅၁.၄၇၀* |
| | <u>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း</u> | | | | <u>USD</u> | <u>၄၀၈.၄၅၄</u> |
| | – သီလဝါအထူးစီးပွားရေးဇုန်အတွင်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Phase – III) (JICA) | ၃၁-၃-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၇,၃၃၉.၀၀၀<br>*၆၉.၃၇၃* |
| | – ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၅) ရုံ အလုံးစုံပြင်ဆင်မွမ်းမံခြင်း/ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း(AFD) | ၁၅-၅-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၇<br>၁၃<br>6 months EURIBOR–40 bp | EUR<br>*(Equ:USD)* | ၃၅.၇၀၀<br>*၄၁.၇၉၈* |
| | – ရွာမဓာတ်အားပေးစက်ရုံတွင် Combined Cycle Gas Turbine အသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများတပ်ဆင်အင်အားတိုးခြင်းနှင့်အဆင့်မြှင့်တင်ခြင်း စီမံကိန်း(IDA) | ၃-၇-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅<br>၂၅<br>၂.၀% | SDR<br>*(Equ:USD)* | ၂၁၁.၂၀၃<br>*၂၉၇.၂၈၃* |
| | <u>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန</u> | | | | <u>USD</u> | <u>၆၁.၅၀၇</u> |
| | – ရွာမဓာတ်အားပေးစက်ရုံတွင် Combined Cycle Gas Turbine အသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများတပ်ဆင်အင်အားတိုးခြင်းနှင့် အဆင့်မြှင့်တင်ခြင်းစီမံကိန်း(IDA) | ၃-၇-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅<br>၂၅<br>၂.၀% | SDR<br>*(Equ:USD)* | ၄၃.၆၉၇<br>*၆၁.၅၀၇* |
| | <u>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း</u> | | | | <u>USD</u> | <u>၈၃.၈၀၈</u> |
| | – ဒေသတွင်း အခြေခံအဆောက်အအုံမြှင့်တင်ခြင်း စီမံကိန်း(JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၈,၈၆၆.၀၀၀<br>*၈၃.၈၀၈* |
| | <u>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း</u> | | | | <u>USD</u> | <u>၁၁၃.၀၃၆</u> |
| | - ပြည်-ဆားခါး ၁၄ လက်မပိုက်လိုင်း၏မကွေး-ရွှေတောင်အပိုင်း အဆင့်မြှင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်း (KOREA) | ၂၉-၉-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၅<br>၂၅<br>၀.၀၁% | USD | ၁၁၃.၀၃၆ |

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| ၄။ | **ပညာရေးဝန်ကြီးဌာန** | | | | **USD** | **၁၀၁.၉၀၈** |
| | <u>အခြေခံပညာဦးစီးဌာန</u> | | | | <u>USD</u> | <u>၁၀၁.၉၀၈</u> |
| | - လူတိုင်းအကျုံးဝင်မှု အရည်အသွေးမီ ပညာရေးလုပ်ငန်း (IDA) | ၄-၅-၂၀၂၀ | ဆိုင်းငံ့ | ၅ | SDR | ၇၂.၄၀၀ |
| | | | ပြန်ဆပ် | ၂၅ | *(Equ:USD)* | *၁၀၁.၉၀၈* |
| | | | အတိုးနှုန်း | ၂.၀% | | |
| ၅။ | **ကျန်းမာရေးဝန်ကြီးဌာန** | | | | **USD** | **၁၅၄.၈၃၃** |
| | <u>ကုသရေးဦးစီးဌာန</u> | | | | <u>USD</u> | <u>၅၁.၆၅၈</u> |
| | - ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ်စီမံချက် (IDA) | ၅-၆-၂၀၂၀ | ဆိုင်းငံ့ | ၅ | SDR | ၃၆.၇၀၀ |
| | | | ပြန်ဆပ် | ၂၅ | *(Equ:USD)* | *၅၁.၆၅၈* |
| | | | အတိုးနှုန်း | ၂.၀% | | |
| | <u>ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန</u> | | | | <u>USD</u> | <u>၁၀၃.၁၇၅</u> |
| | - အမိကလိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီရရှိရေးစီမံကိန်း(IDA) | ၉-၇-၂၀၂၀ | ဆိုင်းငံ့ | ၅ | SDR | ၇၃.၃၀၀ |
| | | | ပြန်ဆပ် | ၂၅ | *(Equ:USD)* | *၁၀၃.၁၇၅* |
| | | | အတိုးနှုန်း | ၂.၀% | | |
| ၆။ | **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** | | | | **USD** | **၈၉၇.၂၉၇** |
| | <u>ငွေတိုက်ဦးစီးဌာန</u> | | | | <u>USD</u> | <u>၈၉၇.၂၉၇</u> |
| | - Rapid Credit Facility (RCF) (IMF) | ၁၂-၆-၂၀၂၀ | ဆိုင်းငံ့(RCF) | ၅.၅ | SDR | ၈၆.၁၃၀ |
| | | | ပြန်ဆပ်(RCF) | ၄.၅ | *(Equ:USD)* | *၁၂၁.၂၃၄* |
| | | | အတိုးနှုန်း (RCF) | Interest Free | | |
| | - Rapid Financing Instrument (RFI) (IMF) | ၁၂-၆-၂၀၂၀ | ဆိုင်းငံ့ (RFI) | ၃.၂၅ | SDR | ၁၇၂.၂၇၀ |
| | | | ပြန်ဆပ်(RFI) | ၁.၇၅ | *(Equ:USD)* | *၂၄၂.၄၈၂* |
| | | | အတိုးနှုန်း(RFI) | ၁% | | |
| | - Emergency Program Loan (JICA) | ၁-၉-၂၀၂၀ | ဆိုင်းငံ့ | ၁၀ | JPY | ၃၀,၀၀၀.၀၀၀ |
| | | | ပြန်ဆပ် | ၃၀ | *(Equ:USD)* | *၂၈၃.၅၈၁* |
| | | | အတိုးနှုန်း | ၀.၀၁% | | |
| | - COVID-19 ၏ သက်ရောက်မှုများကို တုန့်ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ် (ADB) | ၄-၉-၂၀၂၀ | ဆိုင်းငံ့ | ၈ | USD | ၂၅၀.၀၀၀ |
| | | | ပြန်ဆပ် | ၁၆ | | |
| | | | အတိုးနှုန်း | ၁% (ဆိုင်းငံ့) | | |
| | | | | ၁.၅% (ပြန်ဆပ်) | | |

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| ၇။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | | | **USD** | **၂၉၉.၅၉၇** |
| | ကျေးလက်လမ်းဦးစီးဌာန | | | | USD | ၁၃၇.၈၇၆ |
| | - ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်း (ADB) | ၆-၁၂-၂၀၁၉ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၄၅.၄၀၀ |
| | - ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း (JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၉,၇၈၃.၀၀၀<br>*၉၂.၄၇၆* |
| | လမ်းဦးစီးဌာန | | | | USD | ၁၁၂.၁၃၇ |
| | - ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း (JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၁၁,၈၆၃.၀၀၀<br>*၁၁၂.၁၃၇* |
| | တံတားဦးစီးဌာန | | | | USD | ၂၅.၀၂၁ |
| | - ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း (JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၂,၆၄၇.၀၀၀<br>*၂၅.၀၂၁* |
| | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | USD | ၂၄.၅၆၃ |
| | - မဟာမဲခေါင်ဒေသခွဲအရှေ့အနောက်စီးပွားရေးစင်္ကြန်လမ်း တစ်လျှောက်ရှိမြို့များဖွံ့ဖြိုးမှုစီမံကိန်း (NEDA) | ၂၄-၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၂၀<br>၁.၅% | THB<br>*(Equ:USD)* | ၇၇၇.၇၇၀<br>*၂၄.၅၆၃* |
| ၈။ | **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** | | | | **USD** | **၁၀၁.၃၄၅** |
| | လူမှုဝန်ထမ်းဦးစီးဌာန | | | | USD | ၁၀၁.၃၄၅ |
| | - ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း (IDA) | ၁၅-၁၁-၂၀၁၉ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅<br>၂၅<br>၂.၀% | SDR<br>*(Equ:USD)* | ၇၂.၀၀၀<br>*၁၀၁.၃၄၅* |
| ၉။ | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | | | | **USD** | **၆၆၁.၅၄၆** |
| | - ရန်ကုန်မြို့ မိလ္လာပြွန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်း(JICA) | ၂၁-၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၄၅,၉၀၀.၀၀၀<br>*၄၃၃.၈၇၈* |
| | - ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း(JICA) | ၂၁-၁-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၂၄,၀၈၅.၀၀၀<br>*၂၂၇.၆၆၈* |
| | | **စုစုပေါင်း** | | | **USD** | **၄,၀၀၈.၁၆၀** |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

၁၆။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ်၊ ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ တရုတ်နိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ထံမှ စီမံကိန်း (၂၃) ခုအတွက် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၄,၀၀၈.၁၆၀ သန်းအား စာချုပ်ချုပ်ဆိုခဲ့ပြီး ဂျပန်နိုင်ငံမှ ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁,၈၇၉.၇၄၃ သန်းဖြင့်အများဆုံးဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအတွက် စာချုပ်ချုပ်ဆိုခဲ့သည့် ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉၇.၂၉၇ သန်းဖြင့် အများဆုံးဖြစ်ပါသည်။

၁၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်၍ ဖြစ်ပွားခဲ့သော COVID-19 ကပ်ရောဂါကူးစက်မှုကို မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ စတင်တွေ့ရှိခဲ့ပါသည်။ COVID-19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေးထိခိုက်မှုများရှိလာခဲ့ပြီး ၎င်းတို့ကို ကုစားနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ယူပြီး အောက်ဖော်ပြပါ ချေးငွေများကို ရယူခဲ့ပါသည်-

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | မြီရှင်အဖွဲ့အစည်း | စာချုပ်ချုပ်သည့်နေ့ | ချေးငွေပမာဏ |
|---|---|---|---|---|
| ၁။ | Rapid Credit Facility (RCF) and Rapid Financing Instrument (RFI) | IMF | ၁၂-၆-၂၀၂၀ | SDR ၂၅၈.၄၀၀ |
| ၂။ | COVID-19 ကပ်ရောဂါ အရေးပေါ်တုန့်ပြန်ရေး အထောက်အပံ့အစီအစဉ်ချေးငွေ (COVID-19 Crisis Response Emergency Support Loan) | JICA | ၁-၉-၂၀၂၀ | JPY ၃၀,၀၀၀.၀၀၀ |
| ၃။ | COVID-19 ၏ သက်ရောက်မှုများကို တုန့်ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ် (COVID-19 Active Response and Expenditure Support Program- CARES) | ADB | ၄-၉-၂၀၂၀ | USD ၂၅၀.၀၀၀ |


၁၈။ အထက်ဖော်ပြပါချေးငွေများအနက် IMF မှ RCF/ RFI ချေးငွေအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် SDR ၂၅၈.၄၀၀သန်းကို ထုတ်ယူခဲ့ပြီး ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Government Deposit Account) သို့ ကျပ် ၄၉၀,၃၄၀ သန်းကို လွှဲပြောင်းထည့်သွင်းခဲ့ခြင်းဖြင့် နိုင်ငံတော်၏ လိုငွေကို ဖြည့်ဆည်းပေးခဲ့ပါသည်။ IMF မှ ချေးငွေရယူထားခြင်းကြောင့် စီမံကိန်း၊

ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် COVID–19 နှင့်သက်ဆိုင်သော အသုံးစရိတ်များ အားလုံးကို (၃)လပတ် တစ်ကြိမ်ဖြင့်လည်းကောင်း၊ ကျပ် ၁၀၀ သန်း နှင့်အထက် တန်ဖိုးရှိ COVID–19 နှင့် သက်ဆိုင်သည့် အသုံးစရိတ်များအတွက် ဝယ်ယူခြင်းဆိုင်ရာ အချက်အလက်များ ကို စာချုပ်ချုပ်ဆိုပြီး (၃) လအတွင်းတွင်လည်းကောင်း၊ သက်ဆိုင်ရာပစ္စည်းများ တင်ပို့ရောက်ရှိ မှုကိုလည်းကောင်း၊ ဘဏ္ဍာနှစ်ကုန်ဆုံးပြီးနောက် (၆)လအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး က COVID–19 နှင့် သက်ဆိုင်သော အသုံးစရိတ်များအား စာရင်းစစ်ဆေးသည့်ရလဒ်ကိုလည်း ကောင်း စီမံကိန်း၊ ဘဏ္ဍာရေး နှင့်စက်မှုဝန်ကြီးဌာန၏ ဝက်ဆိုဒ်တွင် ထုတ်ပြန်ကြေညာရမည် ဖြစ်ပါသည်။

## ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍအလိုက် ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုမှု အခြေအနေ

၁၉။ ၂၀၁၉–၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍတွင် အများဆုံးဖြစ်ပြီး စာချုပ်ချုပ်ဆိုထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍအလိုက် ပြည်ပချေးငွေစာချုပ်




## ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေ ထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှု အခြေအနေ

၂၀။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၁,၅၁၇.၆၉၅ သန်း ထုတ်ယူသုံးစွဲခဲ့ပြီး ချေးငွေပြန်လည်ပေးဆပ်မှုအနေဖြင့် အရင်း အမေရိကန်ဒေါ်လာ ၅၃၆.၁၄၅ သန်းနှင့် အတိုး အမေရိကန်ဒေါ်လာ ၁၆၁.၀၄၀ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၉၇.၁၈၅ သန်း အား ပြန်လည်ပေးဆပ်ခဲ့ပါသည်။

၂၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | ထုတ်ယူသုံးစွဲမှု | | ပြန်လည်ပေးဆပ်မှု | | | |
|---|---|---|---|---|---|---|---|
| | | ပမာဏ | % | အရင်း | အတိုး | ပေါင်း | % |
| | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | **၇၂၉ .၄၉၇** | **၄၈.၀** | **၃၅.၁၉၇** | **၁၇.၈၅၉** | **၅၃.၀၅၆** | **၇.၆** |
| ၁ | အေဒီဘီ | ၅၆.၃၂၂ | ၃.၇ | ၉.၃၈၃ | ၅.၁၀၄ | ၁၄.၄၈၇ | ၂.၁ |
| ၂ | အေအိုင်အက်ဖ် | ၄.၇၃၈ | ၀.၃ | - | - | - | * |
| ၃ | အိုင်ဒီအေ | ၂၉၆.၆၇၄ | ၁၉.၅ | ၂၄.၆၈၅ | ၁၁.၀၄၅ | ၃၅.၇၃၀ | ၅.၁ |
| ၄ | အိုင်အက်ဖ်အေဒီ | ၈.၀၄၇ | ၀.၅ | - | ၀.၁၁၅ | ၀.၁၁၅ | * |
| ၅ | အိုပက် | - | - | ၁.၁၂၉ | ၀.၁၆၁ | ၁.၂၉၀ | ၀.၂ |
| ၆ | အိုင်အမ်အက်ဖ် | ၃၆၃.၇၁၆ | ၂၄.၀ | - | ၁.၄၃၄ | ၁.၄၃၄ | ၀.၂ |
| | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | **၇၈၈.၁၉၈** | **၅၂.၀** | **၅၀၀.၉၄၈** | **၁၄၃.၁၈၁** | **၆၄၄.၁၂၉** | **၉၂.၄** |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၆၉၉.၀၁၁</u> | <u>၄၆.၁</u> | <u>၁၀၂.၉၀၁</u> | <u>၁၄.၅၃၀</u> | <u>၁၁၇.၄၃၁</u> | <u>၁၆.၉</u> |
| ၇ | ဂျပန် | ၆၀၂.၄၇၀ | ၃၉.၇ | - | ၀.၁၅၉ | ၀.၁၅၉ | * |
| ၈ | ဩစတြီးယား | ၀.၀၇၂ | * | ၈.၂၂၉ | ၁.၀၀၉ | ၉.၂၃၈ | ၁.၃ |
| ၉ | ဖင်လန် | - | | ၀.၁၈၃ | ၀.၀၁၁ | ၀.၁၉၄ | * |
| ၁၀ | ပြင်သစ် | - | | ၃၁.၈၂၇ | ၂.၂၆၆ | ၃၄.၀၉၃ | ၄.၉ |
| ၁၁ | ဂျာမနီ | ၀.၀၈၃ | * | ၄၃.၇၁၁ | ၉.၉၀၂ | ၅၃.၆၁၃ | ၇.၇ |
| ၁၂ | အီတလီ | ၁၆.၆၂၅ | ၁.၁ | - | - | - | - |
| ၁၃ | နယ်သာလန် | - | | ၀.၅၆၅ | ၀.၀၉၄ | ၀.၆၅၉ | ၀.၁ |
| ၁၄ | အင်္ဂလန် | - | | ၂.၁၈၄ | ၀.၂၅၂ | ၂.၄၃၆ | ၀.၄ |
| ၁၅ | ကိုရီးယား | ၇၉.၇၆၁ | ၅.၃ | ၁၆.၂၀၂ | ၀.၈၃၇ | ၁၇.၀၃၉ | ၂.၅ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ</u> | <u>၈၉.၁၈၇</u> | <u>၅.၉</u> | <u>၃၉၈.၀၄၇</u> | <u>၁၂၈.၆၅၁</u> | <u>၅၂၆.၆၉၈</u> | <u>၇၅.၅</u> |
| ၁၆ | တရုတ် | ၇၈.၂၂၁ | ၅.၁ | ၃၇၇.၀၄၆ | ၁၂၅.၇၃၄ | ၅၀၂.၇၈၀ | ၇၂.၁ |
| ၁၇ | အေအက်ဖ်ဒီ | ၀.၈၇၂ | ၀.၁ | - | - | - | - |
| ၁၈ | အိန္ဒိယ | ၁၀.၀၉၄ | ၀.၇ | ၈.၇၈၅ | ၂.၂၄၅ | ၁၁.၀၃၀ | ၁.၆ |
| ၁၉ | ဆော်ဒီ | - | | ၀.၄၀၀ | ၀.၀၁၇ | ၀.၄၁၇ | ၀.၁ |
| ၂၀ | ထိုင်း | - | | ၃.၄၈၈ | ၀.၂၂၂ | ၃.၇၁၀ | ၀.၅ |
| ၂၁ | ဆာဗီးယား | - | | ၈.၃၂၈ | ၀.၃၄၄ | ၈.၆၇၂ | ၁.၂ |
| ၂၂ | ပိုလန် | - | | - | ၀.၀၈၉ | ၀.၀၈၉ | * |
| | **စုစုပေါင်း** | ၁,၅၁၇.၆၉၅ | ၁၀၀.၀ | ၅၃၆.၁၄၅ | ၁၆၁.၀၄၀ | ၆၉၇.၁၈၅ | ၁၀၀.၀ |

မှတ်ချက်။ (၁) *၀.၀၁% အောက် နည်းသောကြောင့်ဖြစ်ပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

၂၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် JICA မှ ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၆၀၂.၄၇၀ သန်းဖြင့် အများဆုံးထုတ်ယူသုံးစွဲခဲ့ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ အမေရိကန် ဒေါ်လာ ၃၆၃.၇၁၆ သန်း ဖြင့် ဒုတိယအများဆုံးထုတ်ယူသုံးစွဲခဲ့ပါသည်။ အရင်းပြန်လည်ပေးဆပ်ရာတွင် အမေရိကန်ဒေါ်လာ ၃၇၇.၀၄၆ သန်းဖြင့် တရုတ်ချေးငွေက အများဆုံးဖြစ်ပါသည်။ တရုတ်နိုင်ငံဖြင့် ချေးငွေစာချုပ်အသစ် ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိသော်လည်း ၎င်းချေးငွေများသည် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလ (Repayment Period) အတွင်း ရောက်ရှိနေခြင်းကြောင့် အရင်းပေးဆပ်သည့်ပမာဏ များနေရခြင်းဖြစ်ပါသည်။

၂၃။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ထုတ်ယူသုံးစွဲမှု | | ပြန်လည်ပေးဆပ်မှု | | | |
|---|---|---|---|---|---|---|---|
| | | ပမာဏ | % | အရင်း | အတိုး | ပေါင်း | % |
| ၁ | ပြည်ထဲရေး | - | | - | ၁.၇၄၃ | ၁.၇၄၃ | ၀.၃ |
| ၂ | ကာကွယ်ရေး | - | | ၆၁.၁၄၄ | ၄.၈၁၉ | ၆၅.၉၆၃ | ၉.၅ |
| ၃ | ပြန်ကြားရေး | - | | ၀.၁၁၁ | ၀.၀၀၇ | ၀.၁၁၈ | * |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၂၃၃.၈၅၉ | ၁၅.၄ | ၆၇.၇၂၇ | ၁၄.၈၁၄ | ၈၂.၅၄၁ | ၁၁.၈ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၂၀၈.၅၉၅ | ၁၃.၈ | ၇၃.၆၄၅ | ၁၅.၁၄၃ | ၈၈.၇၈၈ | ၁၂.၇ |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | - | | - | ၀.၀၀၂ | ၀.၀၀၂ | * |
| ၇ | လျှပ်စစ်နှင့်စွမ်းအင် | ၂၈၃.၈၃၂ | ၁၈.၇ | ၂၀၈.၀၇၂ | ၆၃.၈၇၈ | ၂၇၁.၉၅၀ | ၃၉.၀ |
| ၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | - | | - | ၀.၀၀၂ | ၀.၀၀၂ | * |
| ၉ | ပညာရေး | ၁၃.၅၃၃ | ၀.၉ | - | ၀.၅၄၅ | ၀.၅၄၅ | ၀.၁ |
| ၁၀ | ကျန်းမာရေးနှင့်အားကစား | ၆.၂၈၀ | ၀.၄ | - | ၀.၅၅၁ | ၀.၅၅၁ | ၀.၁ |
| ၁၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု | ၄၉၈.၄၇၉ | ၃၂.၈ | ၁၂၅.၄၄၆ | ၅၉.၃၈၆ | ၁၈၄.၈၃၂ | ၂၆.၅ |
| ၁၂ | ဆောက်လုပ်ရေး | ၂၀၉.၇၃၀ | ၁၃.၈ | - | ၀.၀၈၇ | ၀.၀၈၇ | * |
| ၁၃ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅.၈၉၅ | ၀.၄ | | - | | |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄၆.၉၀၂ | ၃.၁ | - | ၀.၀၁၀ | ၀.၀၁၀ | * |
| ၁၅ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၁.၈၄၈ | ၀.၁ | - | - | - | - |
| ၁၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈.၇၄၂ | ၀.၆ | - | ၀.၀၅၃ | ၀.၀၅၃ | * |
| | စုစုပေါင်း | ၁,၅၁၇.၆၉၅ | ၁၀၀.၀၀ | ၅၃၆.၁၄၅ | ၁၆၁.၀၄၀ | ၆၉၇.၁၈၅ | ၁၀၀.၀၀ |

မှတ်ချက်။ (၁) *၀.၀၁% အောက်နည်းသောကြောင့်ဖြစ်ပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

၂၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ ၄၉၈.၄၇၉ သန်း ဖြင့် အများဆုံးထုတ်ယူခဲ့ပါသည်။ အရင်းပေးဆပ်မှုတွင် အမေရိကန်ဒေါ်လာ ၂၀၈.၀၇၂ သန်း ဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများဆုံးဖြစ်ပါသည်။

## ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီအခြေအနေ

၂၅။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ပြည်ပကြွေးမြီအခြေအနေများအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) ပြည်ပကြွေးမြီလက်ကျန်အခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၃၀-၉-၂၀၁၈ | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ |
|---|---|---|---|---|
| ၁ | ပြည်ထဲရေး | ၉၃.၆၅၀ | ၈၈.၉၇၂ | ၉၄.၆၉၃ |
| ၂ | ကာကွယ်ရေး | ၂၂၄.၉၄၈ | ၂၀၈.၄၃၁ | ၁၅၅.၆၅၃ |
| ၃ | ပြန်ကြားရေး | ၁.၇၅၉ | ၁.၆၅၅ | ၁.၆၆၈ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၇၉၉.၄၃၄ | ၈၅၃.၄၄၇ | ၁,၀၃၅.၃၈၄ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၆၄၃.၂၁၄ | ၁,၇၆၃.၂၂၈ | ၁,၉၇၂.၁၄၆ |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၆.၈၇၆ | ၂၈.၂၅၀ | ၂၈.၈၂၆ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၀၁၇.၅၃၆ | ၂,၉၈၂.၈၅၈ | ၃,၁၇၉.၀၉၁ |
| ၈ | စက်မှု | ၁,၃၁၈.၃၈၀ | ၁,၁၇၈.၄၀၁ | - |
| ၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၅.၉၂၃ | ၂၇.၂၄၉ | ၂၇.၈၀၅ |
| ၁၀ | ပညာရေး | ၇၉.၁၃၃ | ၈၃.၉၄၀ | ၉၉.၇၆၆ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၅၉.၂၃၂ | ၇၂.၃၄၀ | ၈၀.၉၂၀ |
| ၁၂ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၂,၂၇၈.၃၄၀ | ၂,၃၅၆.၅၄၇ | *၄,၀၄၄.၈၄၆ |
| ၁၃ | ဆောက်လုပ်ရေး | ၁၄၈.၂၈၇ | ၂၆၀.၆၅၈ | ၄၇၅.၈၄၂ |
| ၁၄ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | - | - | ၅.၈၉၅ |
| ၁၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၃၄.၁၄၆ | ၈၇.၁၈၈ | ၁၃၅.၈၇၄ |
| ၁၆ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၁.၅၅၁ | ၂.၇၇၃ | ၄.၆၂၈ |
| ၁၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၀.၀၆၅ | ၇.၉၃၅ | ၁၆.၉၃၄ |
| | စုစုပေါင်း | ၉,၇၅၂.၄၇၄ | ၁၀,၀၀၃.၈၇၂ | ၁၁,၃၅၉.၉၇၁ |

မှတ်ချက်။ (၁)* စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ် ၂၈-၁၁-၂၀၁၉ ရက်နေ့တွင်ပြင်ဆင်ဖွဲ့စည်းပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

## (ခ) ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၂၀၁၈ ခု ဧပြီလမှ စက်တင်ဘာအထိ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
|---|---|---|---|---|
| ၁ | ပြည်ထဲရေး | ၅၇.၂၅၀ | - | - |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၈၇.၄၂၁ | ၁၂၀.၀၉၅ | ၂၃၃.၈၅၉ |
| ၃ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၅၅.၅၅၇ | ၁၉၈.၂၁၂ | ၂၀၈.၅၉၅ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၅၆.၁၉၄ | ၂၁၂.၉၁၈ | ၂၈၃.၈၃၂ |
| ၅ | ပညာရေး | ၂.၉၄၃ | ၆.၄၆၁ | ၁၃.၅၃၃ |
| ၆ | ကျန်းမာရေးနှင့်အားကစား | ၂.၄၂၈ | ၁၄.၄၃၅ | ၆.၂၈၀ |
| ၇ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၄၉.၇၇၆ | ၉၆.၁၈၉ | ၄၉၈.၄၇၉ |
| ၈ | ဆောက်လုပ်ရေး | ၂၁.၂၂၂ | ၁၀၈.၆၃၃ | ၂၀၉.၇၃၀ |
| ၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | - | - | ၅.၈၉၅ |
| ၁၀ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၄.၀၉၇ | ၅၁.၂၇၆ | ၄၆.၉၀၂ |
| ၁၁ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၀.၇၄၂ | ၁.၂၂၁ | ၁.၈၄၈ |
| ၁၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၀.၀၅၁ | ၇.၈၇၁ | ၈.၇၄၂ |
| | စုစုပေါင်း | ၃၄၇.၆၈၁ | ၈၁၇.၃၁၁ | ၁,၅၁၇.၆၉၅ |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။

## (ဂ) အရင်းပြန်လည်ပေးဆပ်မှုအခြေအနေ


(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၂၀၁၈ ခု ဧပြီလမှ စက်တင်ဘာအထိ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
|---|---|---|---|---|
| ၁ | ကာကွယ်ရေး | ၆.၉၇၈ | ၁၃.၄၄၆ | ၆၁.၁၄၄ |
| ၂ | ပြန်ကြားရေး | - | - | ၀.၁၁၁ |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၃၄.၀၀၆ | ၆၇.၇၇၄ | ၆၇.၇၂၇ |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁၇.၉၅၆ | ၃၃.၄၀၂ | ၇၃.၆၄၅ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၉၉.၁၄၆ | ၁၉၀.၆၄၃ | ၂၀၈.၀၇၂ |
| ၆ | စက်မှု | ၄၃.၃၅၉ | ၈၂.၁၈၃ | - |
| ၇ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၂၁.၅၂၈ | ၄၀.၃၈၁ | *၁၂၅.၄၄၆ |
| | စုစုပေါင်း | ၂၂၂.၉၇၃ | ၄၂၇.၈၂၉ | ၅၃၆.၁၄၅ |


မှတ်ချက်။ (၁)* စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ် ၂၈-၁၁-၂၀၁၉ ရက်နေ့တွင်ပြင်ဆင်ဖွဲ့စည်းပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားပါသည်။


၂၆။ ပြည်ပချေးငွေအများဆုံးရယူထားသည့် အောက်ပါငွေကြေးအမျိုးအစားများ၏ လအလိုက် ငွေလဲလှယ်နှုန်းကို လေ့လာကြည့်ပါက ပြည်တွင်းငွေကြေးဖြစ်သည့် မြန်မာကျပ်ငွေတန်ဖိုး အနည်းငယ်တိုးတက်လာသည်ကို တွေ့ရှိရပါသည်-




ရင်းမြစ် : CBM ၏ အင်တာနက်စာမျက်နှာ



ရင်းမြစ် : CBM ၏ အင်တာနက်စာမျက်နှာ



ရင်းမြစ် : CBM ၏ အင်တာနက်စာမျက်နှာ



ရင်းမြစ် : CBM ၏ အင်တာနက်စာမျက်နှာ

## ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် (Debt Service Suspension Initiative – DSSI)

၂၇။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် G-20 Finance Minister and Central Bank Governors အစည်းအဝေး၌ သဘောတူထုတ်ပြန်ခဲ့သော Debt Service Suspension Initiative (DSSI) for the poorest countries Term Sheet* အရ IMF နှင့် ကမ္ဘာ့ဘဏ်ချေးငွေရယူထားသည့် IDA အဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ Least Developed Countries (LDCs) နိုင်ငံများသည် ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် (DSSI) တွင် အကျုံးဝင်ပါသည်။ မြန်မာနိုင်ငံသည် IDA အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး IMF နှင့်ကမ္ဘာ့ဘဏ် ချေးငွေရယူထားသည့်နိုင်ငံဖြစ်ပါသဖြင့် DSSI တွင်အကျုံးဝင်သောကြောင့် သက်ဆိုင်ရာ မြီရှင်နိုင်ငံများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်း Term Sheet အရ ၂၀၂၀ ပြည့်နှစ်၊ မေလမှ ဒီဇင်ဘာလအထိ ပေးဆပ်ရမည့် အရင်း၊ အတိုးများကို ဆိုင်းငံ့ကာလ (၁) နှစ်၊ ပြန်ဆပ်ကာလ (၃) နှစ်၊ စုစုပေါင်း (၄) နှစ်ဖြင့် အချိန်ကာလပြောင်းရွှေ့၍ ပေးဆပ်ရမည်ဖြစ်ပါသည်။

၂၈။ မြန်မာနိုင်ငံအနေဖြင့် ကြွေးမြီရွှေ့ဆိုင်းသည့်အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊

* https://www.tresor.economie.gouv.fr/Articles/009a4adf-23c2-4283-b88f-83ce405e1272/files/ ec1895a7-ac0d-4eaf-a300-e8d8a057a2fd

ဖင်လန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် မြန်မာနိုင်ငံအကြား Memorandum of Understanding on the Treatment of the Debt Service of the Republic of the Union of Myanmar (MoU) ကို ၁၀-၆-၂၀၂၀ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါသည်။ ၎င်းနောက် မြီရှင်နိုင်ငံအလိုက် Bilateral Agreement လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဂျာမနီနိုင်ငံနှင့် လက်မှတ်ရေးထိုးပြီးဖြစ်ပြီး ကျန်မြီရှင်နိုင်ငံများနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် G-20 အဖွဲ့ဝင်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့နှင့်လည်း ညှိနှိုင်းလျက်ရှိပါသည်။

၂၉။ MoU အရ ၂၀၂၀ ပြည့်နှစ်၊ မေလမှ ဒီဇင်ဘာလအတွင်း စေ့ရောက်သည့် အရင်း၊ အတိုးများကို ရွှေ့ဆိုင်းပေးချေနိုင်မည် ဖြစ်သဖြင့် ၎င်းကြွေးမြီရွှေ့ဆိုင်းသည့် ပမာဏအား COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားရာတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုရေး၊ ကျန်းမာရေး သို့မဟုတ် စီးပွားရေးကဏ္ဍတို့တွင် သုံးစွဲနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ ကြွေးမြီရွှေ့ဆိုင်းခြင်းပြုလုပ်ခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပချေးငွေများရယူရာတွင် သက်သာသောချေးငွေများသာရယူရမည်ဖြစ်ပါသည်။

## အပိုင်း (ဂ)
## ပြည်တွင်းကြွေးမြီအခြေအနေ

### ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်တွင်းကြွေးမြီအခြေအနေ

၃၀။ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီပမာဏမှာ ကျပ် ၃၀,၅၉၇.၈ ဘီလီယံ ဖြစ်ပြီး ကာလအပိုင်းအခြားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ် ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ မတိုင်မီ ကာလအထိ | ၈,၂၇၉.၉ | ၂၇% |
| ၂ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ကာလအတွင်း | ၇,၄၄၄.၅ | ၂၄% |
| ၃ | ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ကာလအတွင်း | ၁၄,၈၇၃.၄ | ၄၉% |
| | စုစုပေါင်း | ၃၀,၅၉၇.၈ | ၁၀၀% |

## အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေ

၃၁။ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ် ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အစိုးရငွေတိုက်စာချုပ် | ၉,၅၇၂.၅ | ၃၁% |
| ၂ | အစိုးရငွေတိုက်လက်မှတ် | ၅,၁၅၉.၃ | ၁၇% |
| ၃ | ဗဟိုဘဏ်မှ ချေးယူခြင်း | ၁၅,၈၆၆.၀ | ၅၂% |
| | **စုစုပေါင်း** | **၃၀,၅၉၇.၈** | **၁၀၀%** |

## ပြည်တွင်းကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များ

၃၂။ **ငွေတိုက်လက်မှတ်များ။** ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်၍ အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် (၃) လ၊ (၆) လနှင့် (၁) နှစ် သက်တမ်းတို့ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် (၁) လ သက်တမ်းကိုလည်းကောင်း ထုတ်ဝေခဲ့ပါသည်။ အစိုးရငွေတိုက်လက်မှတ်များကို လေလံစနစ်ဖြင့် တစ်လလျှင် (၂) ကြိမ်နှုန်းဖြင့် ရောင်းချလျက်ရှိရာ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် (၂၃) ကြိမ် ရောင်းချခဲ့ပါသည်။

၃၃။ **ငွေတိုက်စာချုပ်များ။** ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစ၍ (၂) နှစ်၊ (၂) နှစ်ခွဲ ၊(၃) နှစ် ၊(၄) နှစ်နှင့် (၅) နှစ် သက်တမ်းရှိသော အစိုးရငွေတိုက်စာချုပ်များကို ကူပွန်နှုန်း ၉%၊ ၉.၂၅% နှင့် ၉.၅% တို့ဖြင့် ထုတ်ဝေရောင်းချလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ မေလမှစ၍ (၅) နှစ် သက်တမ်းရှိသော အစိုးရငွေတိုက်စာချုပ်များကို ကူပွန်နှုန်း ၉.၇၅% ဖြင့် ထုတ်ဝေရောင်းချခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်စာချုပ်များကို (၁၂) ကြိမ် ရောင်းချခဲ့ပါသည်။

၃၄။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစ၍ မေလနှင့် နိုဝင်ဘာလတို့တွင် သက်တမ်းစေ့သည့် အစိုးရငွေတိုက်စာချုပ်များ ထုတ်ရောင်းခဲ့ရာ ၎င်းလများတွင် ပြန်လည်ရွေးနုတ်မည့် ပမာဏ များလာပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ ဖေဖော်ဝါရီလ နှင့် ဩဂုတ်လတို့တွင် သက်တမ်းစေ့ရောက်မည့် အစိုးရငွေတိုက်စာချုပ်များကို စတင်ထုတ်ဝေခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းများလျှော့ချပြင်ဆင်ခဲ့ပါသဖြင့် ၎င်းအတိုးနှုန်းများနှင့် လိုက်လျောညီထွေရှိစေရန် အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ၏ ကူပွန်နှုန်း

နှင့်အတိုးနှုန်းများကိုလည်း လျှော့ချခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ (၂) နှစ် သက်တမ်းရှိသောအစိုးရငွေတိုက်စာချုပ်များကို ကူပွန်နှုန်း ၇.၂၅% နှင့် (၅) နှစ် သက်တမ်းရှိသော အစိုးရငွေတိုက်စာချုပ်များကို ကူပွန်နှုန်း ၇.၅% တို့ဖြင့် ထုတ်ဝေရောင်းချခဲ့ပါသည်။

၃၅။ လစဉ် အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များ ရောင်းချရာတွင် ယခင်လကုန်ဆုံးသည့်အချိန်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ အခြေအနေအပေါ်မူတည်၍လည်းကောင်း၊ ပြည်ထောင်စုရှိ ဌာန/အဖွဲ့အစည်းများ၏ ငွေသားစီမံချက် (ခန့်မှန်း) အပေါ်မူတည်၍လည်းကောင်း၊ လအလိုက် အစိုးရငွေချေးသက်သေခံလက်မှတ်များ ပြန်လည်ရွေးနုတ်မည့်ပမာဏပေါ်မူတည်၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အများဆုံးချေးယူနိုင်သည့်ပမာဏအတွင်း ရောင်းချနိုင်ခဲ့ပါသည်။

## ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှု

၃၆။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် အသားတင်ဖြည့်ဆည်းမှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ရောင်းချခြင်း | ရွေးနုတ်ခြင်း | အသားတင် ဖြည့်ဆည်းမှု | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၃-၄) | ၆ |
| ၁ | **အစိုးရငွေတိုက်စာချုပ်များ** | **၃,၅၃၆.၀** | **၁,၀၅၅.၅** | **၂,၄၈၀.၅** | **၄၆.၃%** |
| | - *လေလံစနစ်မတိုင်မီ* | - | *၃၀၆.၂* | *(-) ၃၀၆.၂* | *(-)၅.၇%* |
| | - *လေလံစနစ်ဖြင့်ရောင်းချခြင်း* | *၃,၅၃၆.၀* | *၇၄၉.၃* | *၂,၇၈၆.၇* | *၅၂.၀%* |
| ၂ | **အစိုးရငွေတိုက်လက်မှတ်များ** | ***၁၂,၉၃၀.၅*** | ***၁၀,၀၅၆.၉*** | ***၂,၈၇၃.၆*** | **၅၃.၇%** |
| | - *ပြည်သူသို့ရောင်းချခြင်း* | *၁၁,၅၄၀.၇* | *၉,၄၀၂.၁* | *၂,၁၃၈.၆* | *၄၀.၀%* |
| | - *ဗဟိုဘဏ်သို့ရောင်းချခြင်း* | *၁,၃၈၉.၈* | *၆၅၄.၈* | *၇၃၅.၀* | *၁၃.၇%* |
| | **စုစုပေါင်း** | **၁၆,၄၆၆.၅** | **၁၁,၁၁၂.၄** | **၅,၃၅၄.၁** | **၁၀၀.၀%** |


၃၇။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရာတွင် အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့်ရောင်းချခြင်းကို ၄၀%၊ အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့်ရောင်းချခြင်းကို ၄၀% နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ငွေတိုက်လက်မှတ်ရောင်းချခြင်းကို ၂၀% လျာထားသတ်မှတ်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေဖြစ်လွယ်သော သက်တမ်းတိုသည့် အစိုးရငွေတိုက်လက်မှတ်များကိုသာ ပိုမိုဝယ်ယူခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်များ

လေလံစနစ်ဖြင့် အသားတင်ဖြည့်ဆည်းမှုမှာ ၄၆%၊ အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့် အသားတင်ဖြည့်ဆည်းမှုမှာ ၄၀% နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရငွေတိုက်လက်မှတ် ရောင်းချသည့်ပမာဏမှာ ၁၄% ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူရန် လျာထားသည့်ပမာဏထက် လျော့နည်း၍ ဖြည့်ဆည်းနိုင်ခဲ့ပါသည်။

## ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့် အတိုးစရိတ်


၃၈။ ၂၀၁၅ ခုနှစ်မှစ၍ ဈေးကွက်က သတ်မှတ်သည့်အတိုးနှုန်းဖြင့် ရောင်းချလျက်ရှိခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ပျမ်းမျှဈေးကွက်အတိုးနှုန်း (Average Market Auction Rate) ဖြင့် ပေးချေရခြင်း၊ ပြည်ထောင်စု၏ ဘတ်ဂျက်မှာ နှစ်စဉ်လိုငွေဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းလိုငွေကို ဖြည့်ဆည်းပေးနေရခြင်း၊ ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှရယူထားသည့် ကြွေးဟောင်းများအား ရွေးနုတ်နိုင်မှု မရှိသေးခြင်းစသည်တို့ကြောင့် နိုင်ငံတော်ကကျခံရသည့် ပြည်တွင်းချေးငွေအပေါ် အတိုးစရိတ်မှာလည်း နှစ်စဉ် မြင့်တက်လျက်ရှိပါသည်။


၃၉။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းကြွေးမြီအပေါ် ပေးရသည့် အတိုးနှင့် စီမံခန့်ခွဲမှုစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၄၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းအတိုးနှင့် စီမံခန့်ခွဲမှုစရိတ် ကျပ် ၁,၇၁၈.၉၀၃ ဘီလီယံအနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူထားသည့် ကြွေးဟောင်း ကျပ် ၇,၆၄၃.၅၀၉ ဘီလီယံအပေါ် ပေးရသည့်အတိုးနှင့် စီမံခန့်ခွဲမှုစရိတ်မှာ ကျပ် ၃၁၁.၁၅၀ ဘီလီယံဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းအတိုးစရိတ်၏ ၁၈% ခန့်ရှိပါသည်။


၄၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်လက်မှတ်၊ ငွေတိုက်စာချုပ်များ၏ Weighted Average Rate အား အောက်ပါပုံကားချပ်ဖြင့် တင်ပြအပ်ပါသည်-





၄၂။ အထက်အပိုဒ် ၄၁ ပါ အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ Weighted Average Rate များကိုလေ့လာကြည့်ပါက အစိုးရငွေတိုက်လက်မှတ်၏ သက်တမ်းအလိုက် အတိုးနှုန်းများမှာ ကွာခြားမှုရှိသော်လည်း အစိုးရငွေတိုက်စာချုပ်၏ သက်တမ်းအလိုက် အတိုးနှုန်းများမှာ ကွာခြားမှု မရှိကြောင်းတွေ့ရှိရပါသည်။ ၁၂-၃-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းများ လျှော့ချ ပြင်ဆင်သတ်မှတ်ခြင်းနှင့် လိုက်လျောညီထွေရှိစေရန် အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များ၏ အတိုးနှုန်းများကိုလည်း ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ လျှော့ချခဲ့ပါသည်။ သို့ပါ၍ ဈေးကွက်ရှိ အတိုးနှုန်းမှာ တဖြည်းဖြည်းလျော့နည်းလာသော်လည်း နောက်ပိုင်းကာလများ တွင် အတိုးနှုန်း အနည်းငယ် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၄၃။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များအား အဖွဲ့အစည်း အလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-





၄၄။ အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံမှုများတွင် **အစိုးရငွေတိုက်လက်မှတ်များကို** နိုင်ငံတော် ပိုင်ဘဏ်များက အများဆုံးဝယ်ယူပြီး **အစိုးရငွေတိုက်စာချုပ်များကိုမူ** ပုဂ္ဂလိကဘဏ်များက အများဆုံးရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရှိရပါသည်။

၄၅။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား သက်တမ်းအလိုက်ရောင်းချခဲ့သည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းချမှုအခြေအနေ (ကျပ်ဘီလီယံ)




၄၆။ အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ရောင်းချခဲ့မှုအခြေအနေမှာ (၃) လ သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား အများဆုံးရောင်းချခဲ့ရပြီး အစိုးရငွေတိုက်စာချုပ်တွင် သက်တမ်းရှည်သည့် (၅) နှစ်သက်တမ်းကို ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေဖြစ်လွယ်သည့် ကာလတို အစိုးရငွေတိုက်လက်မှတ်များကို စိတ်ဝင်စားသည်ကို တွေ့ရှိရပါသည်။

## ဘဏ္ဍာရေးနှစ်အလိုက် ပြည်တွင်းကြွေးမြီအခြေအနေ

၄၇။ ၂၀၁၈ ခု၊ (ဧပြီလ ~ စက်တင်ဘာလ) ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အချိန်ရှိ ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၃၀-၉-၂၀၁၈ | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ |
|---|---|---|---|---|
| ၁ | အစိုးရငွေတိုက်စာချုပ် | ၅,၃၄၇.၇ | ၇,၀၉၂.၀ | ၉,၅၇၂.၅ |
| ၂ | အစိုးရငွေတိုက်လက်မှတ် | ၂,၆၁၈.၉ | ၃,၀၂၀.၇ | ၅,၁၅၉.၃ |
| ၃ | ဗဟိုဘဏ်သို့ ရောင်းချခြင်း | ၁၄,၃၂၁.၃ | ၁၅,၁၃၁.၀ | ၁၅,၈၆၆.၀ |
| | **စုစုပေါင်း** | **၂၂,၂၈၇.၉** | **၂၅,၂၄၃.၇** | **၃၀,၅၉၇.၈** |
| | **တိုးတက်မှုနှုန်း** | **-** | **၁၃.၂၆%** | **၂၁.၂၁%** |

၄၈။ အထက်ဖော်ပြပါဇယားအရ ပြည်တွင်းကြွေးမြီအခြေအနေအား ယခင်ဘဏ္ဍာနှစ်ကုန်ရှိ အခြေအနေနှင့် နှိုင်းယှဉ်ပါက ၃၀-၉-၂၀၁၉ ရက်နေ့တွင် ၁၃.၂၆%၊ ၃၀-၉-၂၀၂၀ ရက်နေ့တွင် ၂၁.၂၁% တိုးတက်လာပါသဖြင့် ပြည်တွင်းကြွေးမြီ တိုးတက်မှုနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လျက်ရှိပါသည်။

# အပိုင်း (ဃ)

## အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၄၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပြည်ပချေးငွေများကို တာဝန်ခံချေးယူပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ထပ်ဆင့်ထုတ်ချေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | အဖွဲ့အစည်း | စာချုပ်ချုပ်ဆိုသည့်နေ့ | ငွေကြေးအမျိုးအစား | ချေးငွေပမာဏ (သန်းပေါင်း) |
|---|---|---|---|---|
| ၁ | ကရင်ပြည်နယ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | ၈-၁၀-၂၀၁၉ | အမေရိကန်ဒေါ်လာ | ၃၃.၀၀၀ |
| ၂ | မွန်ပြည်နယ်၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန | ၈-၁၀-၂၀၁၉ | အမေရိကန်ဒေါ်လာ | ၄၇.၀၀၀ |
| ၃ | ကရင်ပြည်နယ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | ၂-၉-၂၀၂၀ | ထိုင်းဘတ် | ၇၇၇.၇၇၀ |
| ၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၅-၉-၂၀၂၀ | ဂျပန်ယန်း | ၄၅,၉၀၀.၀၀၀ |
| ၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၅-၉-၂၀၂၀ | ဂျပန်ယန်း | ၂၄,၀၈၅.၀၀၀ |

### အစိုးရ၏အာမခံချက်

၅၀။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအရ အစိုးရက ရယူထားသည့်ချေးငွေများအားလုံးသည် အစိုးရတွင် ပေးဆပ်ရန်တာဝန်ရှိပြီးဖြစ်သဖြင့် အစိုးရက အာမခံချက်ပေးထားပြီးဖြစ်ပါသည်။ ၃၀-၉-၂၀၂၀ ရက်နေ့အထိ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကစီမံကိန်းများသို့ နိုင်ငံတော်က အာမခံချက်ထုတ်ပေးထားခြင်း မရှိပါ။

## သုံးသပ်ချက်

၅၁။ ကမ္ဘာလုံးဆိုင်ရာအသက်ရှူလမ်းကြောင်းရောဂါ (COVID-19) ဖြစ်ပွားမှုကြောင့် လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ လျော့နည်းစေရန် အခွန်ကောက်ခံမှုများ ရွှေ့ဆိုင်းပေးခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှပ်စစ်မီတာခများ လျှော့ချကောက်ခံခြင်းနှင့် အခြားသောဆောင်ရွက်ခများ လျှော့ချပေးခြင်းတို့ ပြုလုပ်ခဲ့ရသဖြင့် နိုင်ငံတော်၏ ဝင်ငွေ လျော့ကျခဲ့ခြင်း၊ တစ်ဖက်တွင်လည်း အသုံးစရိတ်များကို ဘတ်ဂျက်ခွင့်ပြုငွေအတွင်း COVID-19 နှင့်သက်ဆိုင်သည့် အသုံးစရိတ်များ ပိုမိုသုံးစွဲရခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေလိုအပ်ချက် ပိုမိုဖြစ်ပေါ်ခဲ့ပါသည်။ ယင်းလိုငွေများကို ပြည်ပမှသက်သာသောချေးငွေများရယူ၍လည်းကောင်း၊ ပြည်တွင်း၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းဖြင့်လည်းကောင်း ဖြည့်ဆည်းခဲ့ပါသည်။

၅၂။ ယင်းသို့ ပြည်တွင်း၊ ပြည်ပမှငွေချေးယူခြင်းအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အများဆုံးချေးယူနိုင်သည့် ပမာဏအတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းများ လျှော့ချခဲ့ပါသဖြင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အတိုးနှုန်းများ လျော့ကျလာခဲ့ရာ ပြည်တွင်းချေးငွေအပေါ်ပေးရသည့် အတိုးစရိတ်မှာ ခန့်မှန်းထားသည်ထက် လျော့နည်းသုံးစွဲခဲ့ရပါသည်။

၅၃။ နိုင်ငံတစ်နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေအား လေ့လာဆန်းစစ်ရာတွင် လက်ရှိကျင့်သုံးနေသောမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်တို့၏ အရည်အသွေးအပေါ်မူတည်၍ ကမ္ဘာ့ဘဏ်က Country Policy & Institutional Assessment (CPIA)ဖြင့် အကဲဖြတ်သုံးသပ်ပါသည်။ CPIA အရ မြန်မာနိုင်ငံသည် စွမ်းဆောင်ရည်အသင့်အတင့်ရှိသောနိုင်ငံတွင် အကျုံးဝင်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် IMF မှထုတ်ပြန်ခဲ့သည့် The Debt Sustainability Framework for Low-Income Countries အရ စွမ်းဆောင်ရည်အသင့်အတင့်ရှိသော နိုင်ငံများသည် ပြည်ပကြွေးမြီနှင့်ဂျီဒီပီအချိုး ၄၀% ၊ စုစုပေါင်းကြွေးမြီနှင့်ဂျီဒီပီအချိုး ၅၅% အတွင်းရှိပါက ကြွေးမြီခံနိုင်ရည်ရှိသည်ဟု သတ်မှတ်ပါသည်။ ၃၀-၉-၂၀၂၀ ရက်နေ့ရှိ မြန်မာနိုင်ငံ၏ စုစုပေါင်းကြွေးမြီနှင့်ဂျီဒီပီအချိုးမှာ ၄၂.၂၄% ဖြစ်သဖြင့် အထက်ဖော်ပြပါသတ်မှတ်ချက်အတွင်းရှိပါသည်။

## နိဂုံး

၅၄။ ၂၀၁၉ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာပါ အစိုးရကြွေးမြီဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံအတွက် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေများဖြည့်ဆည်းရာတွင် ပြည်ပမှ သက်သာသောချေးငွေများရယူခြင်းဖြင့်လည်းကောင်း၊ ပြည်တွင်းအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ ခိုင်မာအားကောင်းသည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# နှစ်အလိုက် ငွေကြေးအမျိုးအစားများ၏ ငွေလဲလှယ်နှုန်းများ

| စဉ် | ငွေကြေးအမျိုးအစား | ၃၀-၉-၂၀၁၈ | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ |
|---|---|---|---|---|
| | <u>၁ ငွေကြေးလျှင်ညီမျှသောအမေရိကန်ဒေါ်လာ</u> | | | |
| ၁ | Australian dollor (AUD) | ၀.၇၂၂၂၀ | ၀.၆၇၄၉၀ | ၀.၇၁၀၈၀ |
| ၂ | Euro (EUR) | ၁.၁၅၇၆၀ | ၁.၀၈၈၉၀ | ၁.၁၇၀၈၀ |
| ၃ | U.K. pound sterling (GBP) | ၁.၃၀၄၁၀ | ၁.၂၃၀၁၀ | ၁.၂၈၃၂၅ |
| ၄ | Special Drawing Right (SDR) | ၁.၃၉၅၂၅ | ၁.၃၆၃၃၁ | ၁.၄၀၇၅၇ |
| | <u>၁ အမေရိကန်ဒေါ်လာလျှင်ညီမျှသောငွေကြေး</u> | | | |
| ၅ | Canadian dollor (CAD) | ၁.၂၉၇၅၀ | ၁.၃၂၄၃၀ | ၁.၃၃၃၉၀ |
| ၆ | Chinese yuan (CNY) | ၆.၈၈၁၄၀ | ၇.၁၂၉၂၀ | ၆.၈၀၈၆၀ |
| ၇ | Danish krone (DKK) | ၆.၄၄၁၃၀ | ၆.၈၅၆၆၀ | ၆.၃၅၉၉၀ |
| ၈ | Japanese yen (JPY) | ၁၁၃.၄၇၀၀၀ | ၁၀၇.၉၅၀၀၀ | ၁၀၅.၇၉၀၀၀ |
| ၉ | Korean won (KRW) | ၁,၁၁၂.၇၀၀၀၀ | ၁,၂၀၁.၃၀၀၀၀ | ၁၁၇၃.၅၀၀၀၀ |
| ၁၀ | Norwegian krone (NOK) | ၈.၁၇၇၇၀ | ၉.၀၈၇၄၀ | ၉.၄၈၁၄၀ |
| ၁၁ | Swedish krona (SEK) | ၈.၈၅၇၃၀ | ၉.၈၀၄၇၀ | ၈.၉၈၈၃၀ |
| ၁၂ | Swiss franc (CHF) | ၀.၉၇၆၄၀ | ၀.၉၉၅၃၅ | ၀.၉၂၂၀၀ |
| ၁၃ | Thai baht (THB) | ၃၂.၃၈၂၀၀ | ၃၀.၅၇၅၀၀ | ၃၁.၆၆၄၀၀ |
| ၁၄ | Saudi Arabian riyal (SAR) | ၃.၇၅၀၀၀ | ၃.၇၅၀၀၀ | ၃.၇၅၀၀၀ |
| | | | | |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများ ဖြစ်ပါသည်။

# အတိုကောက်အသုံးအနှုန်းများ

| | | |
|---|---|---|
| ADB | – | Asian Development Bank<br>(အာရှဖွံ့ဖြိုးရေးဘဏ်) |
| AIF | – | Asean Infrastructure Fund<br>(အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာရန်ပုံငွေ) |
| AFD | – | Agence Francaise De Developpement<br>(ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| IDA | – | International Development Association<br>(အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| JICA | – | Japan International Cooperation Agency<br>(ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) |
| KfW | – | Kreditanstalt Fur Wiederaufbau, Frankfurt<br>(ဂျာမနီဖွံ့ဖြိုးရေးဘဏ်) |
| IFAD | – | International Fund for Agricultural Development<br>(အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့) |
| OPEC | – | Organization of Petroleum Exporting Countries<br>(ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့) |
| KEDCF | – | Korea Economic Development Cooperation Fund<br>(ကိုရီးယားနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ) |
| NEDA | – | Neighboring Countries Economic Development Cooperation Agency<br>(အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း) (အစိုးရအဖွဲ့အစည်း) |
| DSSI | – | Debt Service Suspension Initiative<br>ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် |

**အစိုးရ၏ ကြေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာပါ အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာသို့ စုံစမ်းနိုင်ပါသည်-**

ရုံးလိပ်စာ: ရုံးအမှတ် (၃၄)၊ ကြေးမြီမူဝါဒနှင့် ဆန်းစစ်ရေးဌာနစု၊ ကြေးမြီစီမံခန့်ခွဲမှုဌာနခွဲ၊ ငွေတိုက်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်းနံပါတ်: ၀၆၇- ၃၄၁၀၁၇၁

၀၆၇-၃၄၁၀၁၇၂

**ဤမဟာဗျူဟာကို အောက်ပါ website တွင်လည်း ကူးယူနိုင်ပါသည်-**

Website: www.mopf.gov.mm